

# ကာကွယ်ဆေးများက ပဋိပစ္စည်းများကို တည်ဆောက်ပေးသည်!



## ပဋိပစ္စည်းဆိုသည်မှာ အဘယ်နည်း။

ပဋိပစ္စည်းဆိုသည်မှာ ကျွန်ုပ်တို့ ခန္ဓာကိုယ် ခုခံအားစနစ်၏ အစိတ်အပိုင်းဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့ ခန္ဓာကိုယ်တွင်းသို့ ရောဂါဘယဖြစ်စေသည့် အရာဝတ္ထုများ ဝင်ရောက်လာသည့်အခါ ကျွန်ုပ်တို့ကို ကာကွယ်ပေးပါသည်။ ဤအရာဝတ္ထုများတွင် ဘက်တီးရီးယားပိုးများ၊ ဗိုင်းရပ်စ်များ ၊ မှို၊ ဓာတ်မတည့်စေသည့်အရာများ၊ တိရစ္ဆာန်များ၏ အဆိပ်နှင့် အခြားအဆိပ်အတောက်များ ပါဝင်ပါသည်။

ရောဂါပိုးကူးစက်ဝင်ရောက်ခြင်းမှ ပြန်လည်ကောင်းမွန်လာသူများတွင် ပဋိပစ္စည်းကို တွေ့နိုင်ပါသည်။ ကာကွယ်ဆေးထိုးနှံထားသူများတွင်လည်း ၎င်းတို့ကို တွေ့နိုင်ပါသည်။



## ပဋိပစ္စည်းများသည် ရောဂါပိုးမွှားများကို မည်သို့ တိုက်ဖျက်ပေးသနည်း။

ရောဂါဖြစ်စေသော အရာဝတ္ထုများသည် ကျွန်ုပ်တို့၏ ဆဲလ်များနှင့် ကွဲပြားသည်ဟုထင်ရသည်။ ဤအရာဝတ္ထုများအနက်မှ တစ်ခု ကျွန်ုပ်တို့ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာသည့်အခါ ကျွန်ုပ်တို့၏ ခုခံအားစနစ်သည် ၎င်းနှင့်မသက်ဆိုင်သည်ကို သိရှိပါသည်။ ထို့နောက် အကူအညီတောင်းခံရန် အချက်ပြပါသည်။



ထို့နောက် **ဘီဆဲလ်**ဟုခေါ်သည့် ရောဂါတိုက်ခိုက်သော ဆဲလ်များ စတင်ပွားများလာပါသည်။ ၎င်းတို့သည် သန်းနှင့်ချီသော ပဋိပစ္စည်းများကို ထုတ်ပေးပါသည်။ ပဋိပစ္စည်းများက ရောဂါဖြစ်စေသည့် အရာဝတ္ထုများကို ကျွန်ုပ်တို့စနစ်ထဲမှ ထုတ်ပစ်ရန် ရှာဖွေပါသည်။

## ကာကွယ်ဆေးများသည် အဘယ်ကြောင့် အလွန်အရေးပါပါသနည်း။

ကာကွယ်ဆေးများသည် ကျွန်ုပ်တို့အား အဆိုပါ ပဋိပစ္စည်းများ ထုတ်လုပ်ရန် ကူညီပေးပါသည်။ ၎င်းတို့သည် ကျွန်ုပ်တို့ နေမကောင်းမဖြစ်မီ ရောဂါများအတွက် အကောင်းဆုံး ကာကွယ်မှုကို ပေးပါသည်။

ကာကွယ်ဆေးများသည် အောက်ပါတို့အတွက် အဓိကဖြစ်သည်

- ရောဂါလက္ခဏာများကို ရှောင်ရှားရန်
- ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါတစ်ခုခုကြောင့် နေမကောင်းဖြစ်ခြင်း သို့မဟုတ်
- သေလုနီးပါးဖြစ်ခြင်းတို့ကိုပင် ကာကွယ်ပေးပါသည်။

သင်သည် သင့်အသက်အရွယ် သို့မဟုတ် အခြား နာမကျန်းမှုများကြောင့် ရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ် မြင့်မားနိုင်ပါသည်။ သင်သည် CDC မှ အကြံပြုထားသော ကာကွယ်ဆေးထိုးနှံခြင်း အချိန်ဇယားအတိုင်း လိုက်နာရန် အရေးကြီးပါသည်။ သင့်ကာကွယ်ဆေးများကို အချိန်နှင့်တပြေးညီ ထိုးနှံပါ။



ကာကွယ်ဆေးများသည် အသက်များကို ကယ်တင်ပါသည်။

ကျွန်ုပ်တို့ ထိုးနှံပေးနေသော ကာကွယ်ဆေးများအကြောင်း ပိုမိုလေ့လာပြီး ရက်ချိန်းတစ်ခု စီစဉ်ပါ။ **austintexas.gov/health** တွင် ဝင်ရောက်ကြည့်ရှုပါ

Austin Public Health

PREVENT. PROMOTE. PROTECT.

၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ထုတ်ဝေသည်